## ၂၀၁၉ ခုနှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် **တစ်ခု** အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
ပုံနှိပ်စာ၊ အက္ခရာက္က ပြောင်းလဲပုံ၊ ပုဒ်ပြောင်းပစ္စည်း (၃)မျိုး။

(ခ) အောက်ပါတို့မှ **ငါးခု** ကို ရွေးချယ်၍ ပုဒ်အထားအသိုမှန်အောင်ဝါကျပြန်ရေးပါ။ (၁၀မှတ်)
(၁) ဆရာက အိမ်စာမှန်မှန်မလုပ်သဖြင့် ကျောင်းသားများကို သတိပေးနေသည်။
(၂) သာယာသော သူငယ်ချင်း၏ ခြံဝင်းထဲသို့ ကျွန်တော်သွားရောက်လည်ပတ်သည်။
(၃) ပြတင်းပေါက်မှ တောင်တန်းများကို လှမ်း၍ မြင်ရသည်။
(၄) မေမေသည် ခြင်းတောင်းထဲက မမအား ဘူးသီးတစ်လုံး ယူခိုင်းသည်။
(၅) စာသင်ခန်းတွင် ခိုက်ရန်မဖြစ်ကြရန် ဆရာမက သွန်သင်ဆုံးမသည်။
(၆) နဝမအကြိမ် ကျောင်းသားများ၏ အပြေးပြိုင်ပွဲကို မကြာမီ ကျင်းပမည်။
(၇) ကျွန်တော်တို့သည် ရိုရိုသေသေ မိဘ၊ဆရာများကို ဆက်ဆံကြရမည်။

၂။ (က) အောက်ပါဝေါဟာရတို့အနက် **ငါးခု**၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
ယရည်း၊ သံညောင်း၊ ဂနိုင်၊ အလောတန်၊ ယပ်မား၊ စင်းလုံးချွတ်၊ တူရူ။

(ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅မှတ်)
တီးခတ် – တီးခပ်၊ ရေးချယ် – ရေးခြယ်၊ ဝီရိယ – ဝိရိယ၊ ဦးဏှောက် – ဦးနှောက်
ထက်မြက် – ထက်မြတ်။

(ဂ) အောက်ပါတို့အနက် **ငါးခု** ကို အလင်္ကာ **ငါးမျိုး** မှ မည်သည့်အလင်္ကာဖြစ်ကြောင်း ဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့ အသုံးပြုထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။ (၁၀မှတ်)

သိုက်နန်း၊ ပါးစပ်သမား ၊ ငှက်ဆိုးသံကဲ့သို့၊ တောက်တဲ့ကပ်တွယ်၊ ဂလုံဆန်၊ မာန်မီးခဲ၊ ကိုးပိဿာစီးစားမကြီး။

၃။ (က) အောက်ပါတို့မှ **ငါးခု** ကိုဖြေပါ။ (၅မှတ်)
(၁) မြင်းစိုင်းရွှေပြည်တွင် ဆောင်းရာသီ၌ မည်သည့်ပန်း ပွင့်သနည်း။
(၂) ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများတွင် မည်သူတို့၏ဘဝကို ရေးဖွဲ့ထားသနည်း။
(၃) မည်သည်တို့ကို ကန်၍ဖွဲ့ဆိုခြင်းကြောင့် ရကန်ဟု ခေါ်ဆိုနိုင်ခြင်း ဖြစ်သနည်း။
(၄) "ငုံကင်းငယ်ပန်းမန်၊ ရွက်ရင့်လျှော့လို့၊ ရွက်ကြောငယ်လှန်သည်" ၏ ဆိုလိုရင်းကိုရေးပါ။
(၅) ဦးပုညကို နောင်းပညာရှိများက မည်သို့တင်စားခေါ်ဝေါ်ကြသနည်း။
(၆) သင်သေသွားသော် ကဗျာကို စာဆိုကမည်သည့်ပြောဆိုဟန်ဖြင့် ရေးဖွဲ့ထားသနည်း။
(၇) "သိပ်သည်းနက်ရှိုင်း၊ လင်္ကာလှိုင်းလျှင်၊ အတိုင်းမသိ၊ စွမ်းအားရှိခဲ့" ၏ ဆိုလိုရင်းကိုရေးပါ။

(ခ) ရွှေနှင့်ယိုးမှားပန်းစံကား ကဗျာမှ စကားအသုံးအနှုန်းများကို စိတ်ဝင်စားဖွယ် တင်ပြပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

သူရဲကောင်းသုံးယောက်နှင့်ခရီးသည် ကဗျာမှရရှိသော အောင်မြင်မှုဆိုင်ရာအသိအမြင်များကို မှတ်သားဖွယ်ရာ တင်ပြပါ။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ **ငါးခု** ကို ဖြေပါ။ (၅မှတ်)

(၁) သိင်္ဃသူ့သမီးသည် ကျောင်းနေရဟန်းသံဃာများအတွက် မည်သည်တို့ကိုလှူခဲ့သနည်း။

(၂) စီးချင်းတိုက်ပွဲသည် မည်သူတို့စီးချင်းတိုက်ကြသော ပွဲဖြစ်သနည်း။

(၃) ရာဇဝင်ကျမ်းသည် မည်သည်ကိုဖော်ပြသော ကျမ်းဖြစ်သနည်း။

(၄) ဦးပုည၏ အကောင်းဆုံးဝတ္ထုအမည်ကို ဖော်ပြပါ။

(၅) အမျိုးသားအောင်ပွဲနေ့ကို မည်သည့်အစည်းအဝေးတွင် ရွေးချယ် ဆုံးဖြတ်ခဲ့သနည်း။

(၆) အိမ်ရှေ့ကိုယ်တော်ကြီးဆောင်းပါးကို မည်သည့်ဆောင်းပါးများမှ ရွေးထုတ်ထားသနည်း။

(၇) အရာရာတွင်ကျယ်တို့လူငယ် စကားပြေကို မည်သူရေးသနည်း။

(ခ) မိခင့်သောကစကားပြေမှ ရသမြောက်သောအရေးအဖွဲ့များကို လေ့လာတင်ပြပါ။ (၁၀မှတ်)

**(သို့မဟုတ်)**

မြန်မာစာအရေးအသားတိုးတက်စေနည်း မှ စကားပြေ၏ အရေးကြီးပုံကို မှတ်သားဖွယ် လေ့လာတင်ပြပါ။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅မှတ်)

"အထည်အထုပ်၊ ငွေစသာဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေး၍ပင် ပျောက်ကတဲ၊ မထောက်မရှု၊ အနည်းငယ်မျှရယ်လို့၊ တယ်ကရမပြုသင့်ဘူး။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ **တစ်ခု** ကို ဖြေဆိုပါ။ (၁၀မှတ်)

(၁) ရေသည်ယောက်ျားနှင့်ရေသည်မိန်းမတို့ ရေရောင်းထွက်စဉ် တွေ့ဆုံပြောဆိုကြပုံ

(၂) ရေသည်ပြဇာတ်မှ ကာလဒေသနောက်ခံအဖွဲ့များ

၆။ (က) အောက်ပါတို့အနက် **တစ်ခု**ကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ (၁၀မှတ်)

(၁) **အချိန်အခါမဟုတ် ရွာသောမိုး**

အချိန်အခါမဟုတ် မိုးရွာသွန်းသည့်အချိန်၊ မိုးရွာရန် ရာသီဥတုပြောင်းလဲလာပုံ၊ မိုးရွာစဉ်ပတ်ဝန်းကျင်မြင်ကွင်း၊ အချိန်အခါမဟုတ် မိုးရွာခြင်း၏ အကျိုး အပြစ်များ၊ မိမိ၏စိတ်ခံစားချက်။

(၂) **အားရကျေနပ်မိသော မိမိ၏ဆောင်ရွက်ချက်တစ်ခု**

မိမိဆောင်ရွက်ချက်များထဲမှတစ်ခုကို ကျေနပ်အားရမိပုံ၊ ဆောင်ရွက်ရသည့် အကြောင်းရင်း၊ ဆောင်ရွက်သည့်အချိန် နေရာနှင့်ပတ်ဝန်းကျင်၊ ဆောင်ရွက်ခဲ့ပုံများ၊ မိမိ၏စိတ်ခံစားချက်။

(ခ) အောက်ပါအဆိုများအနက် **တစ်ခု** ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) နွေကျောင်းပိတ်ချိန်တွင် ပျော်ရွှင်ဖွယ်ရက်များထက် ပျင်းရိဖွယ်ရက်များက ပိုများသည်။

(၂) အဆိုဆွေးနွေး ရေးသားရခြင်းသည် စာစီစာကုံးရေးသားရခြင်းထက် ပို၍ နှစ်သက်ဖွယ် ကောင်းသည်။